# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 8, 2024 — Volume 80, Number 6


၈.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၂.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## လပွတ္တာမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများ ရန်ကုန်ဈေးကွက်အတွင်း ဝယ်လိုအားကောင်းလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒေသထွက်မျှင်ငါးပိများ ဈေးကွက်အတွင်း ဝယ်လိုအားကောင်းလျက်ရှိကြောင်း ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းမော်၏ ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက မျှင်ငါးပိပိဿာချိန် ၆၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ မျှင်ငါးပိအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချနေပါတယ်။ ဇွန်လတစ်လတာ ကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ရန်ကုန်ဈေးကွက်မှာလည်း မျှင်ငါးပိဝယ်ယူမှု အရမ်းများနေပါတယ်။ မျှင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ပြန်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတယ်" ဟု ဒေါ်ဝင်းမော်က ပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှ ဖမ်းယူရရှိသော မျှင်ကောင်များကို ဝယ်ယူ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

အသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းတစ်ခုလျှင် လုပ်သား ၁၅ ဦးမှ ၂၅ ဦးအထိ အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## ဈေးကောင်းရနေတဲ့ ရောရေထွက်ပုစွန်ဈေးကွက်



ဧရာဝတီတိုင်းဒေသကြီး၊ ပင်လယ်ကမ်းခြေနှင့်နီးကပ်လျက်ရှိသော ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်းကျေးရွာ၊ မော်တင်၊ ဇီးချိုင်၊ ကံချိုင်၊ စံပြကျေးရွာ၊ သက္ကသောင်၊ သမ္မာဒေဝ၊ တောင်ကလေးကျေးရွာများနှင့် အခြားကျေးရွာများ၊ ချောင်းသာ၊ ငွေဆောင်ဝန်းကျင်ကျေးရွာများတွင် ရေချို၊ ရေငန်ပုစွန်များကိုဖမ်းဆီးလျက်ရှိပြီး ပုသိမ်ဈေးကွက်သို့ လာရောက်ရောင်းချလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ပုသိမ်ဈေးကွက်တွင် ဒေသတွင်းစားသုံးရန်နှင့်ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဂရမ်၂၅၀ အထက် ပုစွန်ဈေးမှာ ၁ ပိဿာလျှင် ၈၅,၀၀၀ ကျပ်၊ ဂရမ် ၂၀၀ အထက်ဈေးမှာ ၁ ပိဿာလျှင် ၆၅,၀၀၀ ကျပ်ဈေးနှုန်းနှင့် ဂရမ် ၅၀ မှ ဂရမ် ၁၀၀ အတွင်း (၅၀,၀၀၀/၆၀,၀၀၀) ကျပ် ဈေးနှုန်းခန့်၊ ပုစွန်အရွယ်အစားအလိုက် (၂၀,၀၀၀/၄၀,၀၀၀) ကျပ်အတွင်းရှိ ပုစွန်များကိုလည်း ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချမှုမရှိဘဲ ရန်ကုန်မြို့ရှိ စံပြဈေးနှင့်ရွှေပိတောက်ငါးဈေးသို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ရှိ ပြည်ပသို့တင်ပို့ရောင်းချသည့်ကုမ္ပဏီများ၊ အဝယ်တော်များက အဆိုပါဈေးများတွင် ဂရမ် ၂၀၀ အထက်နှင့် ဂရမ် ၂၅၀ အထက်ပုစွန်များကို လာရောက်ဝယ်ယူလျက်ရှိကြပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ စင်္ကာပူ၊ အာရှနိုင်ငံများဖြစ်သော ဂျပန်နိုင်ငံနှင့်ဥရောပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်ဈေးကွက်မှ ရေထွက်ပစ္စည်းများရောင်းချရာတွင် ရန်ကုန်မြို့ရှိ အဝယ်ဒိုင်များကဖွင့်လှစ်သော ဈေးနှုန်းဖြင့်သာ ရောင်းချရပြီး ရန်ကုန်မြို့ရှိ ပြည်ပသို့ပို့သောကုမ္ပဏီများအနေဖြင့်လည်း အရည်အသွေး၊ ဝယ်လိုအား၊ ဈေးကွက်ပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရကြောင်း ပုသိမ်မြို့ရေထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်ထံမှ သိရသည်။

**Source:** https://www.doca.gov.mm

## မန္တလေးဈေးကွက်အတွင်း ဇူလိုင်လပထမပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေးဈေးကွက်အတွင်း ဇူလိုင်လပထမပတ်မှစ၍ သကြားအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍သိရသည်။

သကြားကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့ကလည်း ဝယ်ယူမှုများရှိကြောင်း ယခုလတ်တလော ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်လိုအား များပြားလာခြင်းကြောင့် သကြားများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်းသိရသည်။

“မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေ ရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်” ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။ “သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်စည်လက်ကျန် နည်းပါးသွားတာမျိုးတွေမရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအဝယ်ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်”

ဟု သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဆီစက်များအဝယ်လိုက်၍ မြေပဲဆန်များ အရောင်းအဝယ်သွက်၊ ဈေးမြင့်နေမှုအခြေအနေ

ဇူလိုင်ပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်သို့ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှထွက်ရှိသည့် မြေပဲဆန်များ ဝင်ရောက်မှုများနေကြောင်းသိရသည်။ တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိသည့်အပြင် ယခုလတ်တလောတွင် မြေပဲဆီကို စားသုံးမှုပိုလာခြင်းတို့ကြောင့် ဆီစက်များမှကြိတ်ခွဲမှုများလာပြီး အဝယ်လိုက်လာ၍ မြေပဲဆန်များ အရောင်းအဝယ်သွက်၊ ဈေးမြင့်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

S1 လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၂၀၀ မှ ၇၈၀၀၊ ယခင်တစ်ပတ် ကျပ် ၇၅၀၀ မှ ၇၇၀၀၊ ယခင်လတစ်ပတ် ကျပ် ၇၁၀၀ မှ ၇၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၃၀၀၊ ယခင်လထက် ကျပ် ၅၀၀ ခန့်မြင့်တက်လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၀၀၀ မှ ၇၄၀၀၊ ယခင်တစ်ပတ် ကျပ် ၇၁၀၀ မှ ၇၃၀၀၊ ယခင်လတစ်ပတ် ကျပ် ၆၆၀၀ မှ ၇၉၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၊ ယခင်လထက် ကျပ် ၅၀၀ မှ ၆၀၀ ခန့်မြင့်တက်လာသည်။

M တွဲလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၇၀၀ မှ ၇၈၀၀၊ ယခင်တစ်ပတ် ကျပ် ၇၄၀၀ မှ ၇၅၀၀၊ ယခင်လတစ်ပတ် ကျပ် ၇၀၀၀ မှ ၇၁၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၊ ယခင်လထက် ကျပ် ၇၀၀ ခန့်မြင့်တက်လာသည်။

M တွဲဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၂၅၀ မှ ၇၄၀၀၊ ယခင်တစ်ပတ် ကျပ် ၇၁၀၀ မှ ၇၂၀၀၊ ယခင်လတစ်ပတ် ကျပ် ၆၆၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀ မှ ၂၀၀၊ ယခင်လထက် ကျပ် ၆၅၀ မှ ၈၀၀ ခန့်မြင့်တက်လာခဲ့ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ပို့ကုန်ရငွေဖြင့် ဓာတ်မြေဩဇာနှင့် EV ယာဉ် တင်သွင်းပါက သွင်းကုန်လိုင်စင် လျှောက်ရန်မလို

ပို့ကုန်ရငွေ လက်ဝယ်ရှိမယ်ဆိုရင် ဓာတ်မြေဩဇာနဲ့လျှပ်စစ်ယာဉ် (EV) တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်စောင့်ဆိုင်းဖို့မလိုအပ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ထံ အသိပေးထားပါတယ်။

ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမဲ့ အစီအမံတွေ၊ ပံ့ပိုးကူညီမှုတွေကို သက်ဆိုင်ရာဌာနတွေ၊ အသင်းတွေ၊ လုပ်ငန်းရှင်တွေနဲ့ပူးပေါင်းဆောင်ရွက်ဖို့နဲ့ နိုင်ငံအတွက် ဦးစားပေးတင်သွင်းဖို့လိုအပ်တဲ့ ကုန်ပစ္စည်းတွေတင်သွင်းနိုင်ဖို့ ရည်ရွယ်ထားတာပါ။

တင်သွင်းလိုသူအနေနဲ့ ပို့ကုန်တင်ပို့သူမဟုတ်ပါကလည်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဦးထံက နိုင်ငံခြားငွေကို စာရင်းပြောင်းဝယ်ယူထားမယ်ဆိုရင်လည်း ဓာတ်မြေဩဇာနဲ့ EV ယာဉ်တွေကို ဦးစားပေးတင်သွင်းခွင့်ရရှိမှာပါ။

အစိုးရက ကုမ္ပဏီတွေကို ဒေါ်လာရောင်းမပေးဘူး။ အခုက သူ့ပိုက်ဆံနဲ့သူဆိုရင် တင်သွင်းခွင့်ပေးမယ်ဆိုတဲ့ သဘောပေါ့လို့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အင်တာဗျူးတစ်ခုမှာ ပြောကြားထားပါတယ်။

စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းကတော့ ဓာတ်မြေဩဇာနဲ့ EV တင်သွင်းခွင့်ပြုခြင်းဟာ ပြည်တွင်းစီးပွားရေးအပေါ် ကြီးကြီးမားမားသက်ရောက်မှု မရှိနိုင်တာကြောင့် အခြားသော ကုန်စည်တွေကိုလည်း တင်သွင်းခွင့်ပြုသင့်တယ်လို့ အကြံပြုထားပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇူလိုင်လ ၃ ရက်နေ့၊ Online Trading Platform မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းရောင်းချပေးခဲ့ပြီး အဲဒီအထဲမှာ ဓာတ်မြေဩဇာတင်သွင်းတဲ့ လုပ်ငန်းရှင်အချို့လည်း ပါဝင်ခဲ့ပါတယ်။

ဇူလိုင်လ ၅ ရက်က ဗဟိုဘဏ်၊ AD လိုင်စင်ရဘဏ်တွေ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်တွေပါဝင်တဲ့ Online Trading Platform မှာ အမေရိကန်ဒေါ်လာ ပျမ်းမျှငွေလဲနှုန်း ၃၃၅၂ ကျပ်နဲ့ဒေါ်လာ ၉ ဒသမ ၅ သန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**Source: BETV Business**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၇-၂၀၂၄ မှ ၅-၇-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၁၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၄၇၂,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၅,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၄၅၀၀၊ မြားနီ ကျပ် ၄၀၀၀၊ ပန်းတနော်ရှည် ကျပ် ३५၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည် အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၂၀၀ ( ၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၂၄၀၀ (၄၈,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ३५၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၆၂၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီး သီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ် (သစ်)ကျပ် ၁၀၀၊ မန်ကျည်းအသား(သစ်) ကျပ် ၂၀၀ နှင့် ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးမှာ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၃၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၅၅၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၉၅၀၊ ကြံသကာ ကျပ် ၃၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၂၅၀၊ ပခုက္ကူကြမ်း ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၇-၂၀၂၄ မှ ၅-၇-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀၊ ဆိပ်ဖြူ

လတ်ချော ကျပ် ၁၆၅၀၊ မုံရွာသစ်ရှယ် ကျပ် ၂၀၅၀၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး မုံရွာသစ်ရှယ် ကျပ် ၅၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၄ စီး (၆၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၆ စီး (၅၇၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၈ စီး (၄၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၆၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၄၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့် တရုတ်မှအာလူးများဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာဈေးနှုန်းများမှာ ဟဲဟိုး OK ကျပ် ၂၆၀၀၊ ဟဲဟိုး S1 ကျပ် ၂၆၀၀ နှင့် တရုတ်အာလူး ကျပ် ၂၃၀၀ ဈေးနှုန်းအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဟဲဟိုး OK ကျပ် ၅၀၀၊ ဟဲဟိုး S1 ကျပ် ၅၀၀ နှင့် တရုတ်အာလူး ကျပ် ၁၂၀၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူး ဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၈ စီး (၁၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၇ စီး (၄၂,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## နိုင်ငံခြားသားများ နေထိုင်အလုပ်လုပ်ရန် ဆဋ္ဌမမြောက် အကောင်းဆုံးနိုင်ငံအဖြစ် ထိုင်းရပ်တည်

ဂျာမနီနိုင်ငံအခြေစိုက် အင်တာနေးရှင်းစ်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်ရှိ ပြည်ပနိုင်ငံသားများ နေထိုင်အလုပ်လုပ်ရန် ဆဋ္ဌမမြောက် အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေကြောင်းသိရသည်။

အင်တာနေးရှင်းစ်အဖွဲ့အစည်းသည် ယခုနှစ်ထုတ်ပြန်ခဲ့သော ပြည်ပနိုင်ငံသားများ နေထိုင်အလုပ်လုပ်ရန် အကောင်းဆုံး နိုင်ငံများစာရင်းကို ကမ္ဘာ့နိုင်ငံပေါင်း ၅၃ နိုင်ငံတို့၏ ဘဝနေထိုင်မှုပုံစံ အရည်အသွေး၊ လူတစ်ကိုယ်ချင်းအလိုက် ဘဏ္ဍာရေး ပိုင်ဆိုင်မှုတို့အပါအဝင် အချက်ပေါင်းငါးချက်ကိုအခြေခံ၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အင်တာနေးရှင်းစ်အဖွဲ့၏ အစီရင်ခံစာအရ ကမ္ဘာပေါ်ရှိ နိုင်ငံခြားသားများ နေထိုင်အလုပ်လုပ်ရန် အကောင်းဆုံးနိုင်ငံမှာ ပနားမားနိုင်ငံဖြစ်ပြီး မက္ကဆီကို၊ အင်ဒိုနီးရှား၊ စပိန်၊ ကိုလံဘီယာ၊ ထိုင်း၊ ဘရာဇီး၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံတို့က အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

လက်ရှိ ထိုင်းဝန်ကြီးချုပ် ဆရက်သာသာဝီစင်အနေဖြင့် ခရီးသွားလုပ်ငန်းမြင့်တင်ရေးအတွက် ကြိုးပမ်းနေကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။ ခရီးသွားလုပ်ငန်းကို ထိုင်းနိုင်ငံအတွက် ဝင်ငွေဖန်တီးပေးနေသော၊ ထိုင်းပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးနေသော အရေးအကြီးဆုံး စီးပွားရေးတွန်းအားအဖြစ် ထိုင်းဝန်ကြီးချုပ်က မှတ်ယူထားသည်။

ယင်းအပြင် ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများလာရောက်မှုကို မြင့်တင်နိုင်ရေးအတွက် ထိုင်းအစိုးရအနေဖြင့် လုပ်ငန်းအစီအစဉ်အများအပြား ဆက်လက်အကောင်အထည်ဖော်နေကြောင်း သိရသည်။

**Source: ထိုင်းပီဘီအက်စ်** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခကြောင့် ထိုင်းပို့ကုန်တိုးတက်မှုရှိလာနိုင်သည်ဟု Joint Standing Committee on Commerce, Industry and Banking (JSCCIB) က ပြောကြားခဲ့

အမေရိကန်-တရုတ်ကုန်သွယ်ရေးပဋိပက္ခကြောင့် ထိုင်းနိုင်ငံ၏ပို့ကုန်သည် ယခင်ခန့်မှန်းချက်ထက် တိုးတက်မှုရှိလာနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ဝ ဒသမ ၈ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းကြားရှိနိုင်ကြောင်း Joint Standing Committee on Commerce, Industry and Banking (JSCCIB) က ခန့်မှန်းပြောကြားခဲ့သည်။

ပဋိပက္ခများသည် ကုန်သည်များအတွက် မမျှော်လင့်နိုင်သော အကြောင်းအရာများဖြစ်လာနိုင်သည်ဟု Thai National Shippers' Council (TNSC) ၏ အမြင်နှင့်ကွဲလွဲစွာ ကုန်သွယ်ရေးပဋိပက္ခများကြောင့် အကျိုးကျေးဇူးများရရှိနိုင်သည်ဟု ကော်မတီအနေဖြင့် စိတ်အားထက်သန်နေပါကြောင်း၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်အစိုးရက ပေကျင်း၏ မမျှတသော ကုန်သွယ်မှုအလေ့အထများကြောင့် တရုတ်မှလျှပ်စစ်မော်တော်ကားများ၊ ဆိုလာပြားများ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် သံမဏိနှင့်အလူမီနီယံ ကုန်စည်အချို့အပေါ် အခွန်များစွာကောက်ခံရန် ဆုံးဖြတ်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြထားပါကြောင်း၊ ကုန်သွယ်ရေးပဋိပက္ခကြောင့် တရုတ်လုပ်ငန်းရှင်များက ၎င်းတို့၏ ပို့ကုန်ဆိုင်ရာထုတ်လုပ်မှု အခြေစိုက်များအဖြစ် ထိုင်းနိုင်ငံကိုရွေးချယ်လာနိုင်ကြောင်း ထိုင်းဘဏ်များအသင်း ဥက္ကဋ္ဌ Mr. Payong Srivanich က သုံးသပ်ပြောကြားသည်။

သို့သော် လောင်စာဈေးနှုန်းမြင့်တက်ခြင်းနှင့် သင်္ဘောတင်ပို့ခများ မြင့်တက်နေမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်စေခြင်းသည် အခြားသောကိစ္စရပ်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းနှင့်ဥရောပတို့ရှိ ပဋိပက္ခတို့ကြောင့် ကုန်သေတ္တာတင် သင်္ဘောများနှင့် ကုန်သေတ္တာများ ပြတ်လပ်မှုဖြစ်ပေါ်နေခြင်းကြောင့် သင်္ဘောတင်ပို့ခ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် အခြေအနေများကိုကြည့်ပါက မော်တော်ကား ရောင်းအားကျဆင်းနေဆဲဖြစ်ပြီး ယခုနှစ် ပထမ ၄ လအတွင်း ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ အိမ်ရာရောင်းအား ၁၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကွန်ဒိုရောင်းအား ၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ကဏ္ဍ ၂ ခုလုံးတွင် ရောင်းအားကျဆင်းခဲ့ပါက GDP တိုးတက်မှုနှုန်းမှာလည်း ဝ ဒသမ ၃ ရာခိုင်နှုန်းမှ ဝ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း Mr. Payong က ဖြည့်စွက်ပြောကြားခဲ့သည်။

ကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းကို ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းကြား ခန့်မှန်းထားပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ဝ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းကြား ခန့်မှန်းထားပါကြောင်း၊ အစိုးရက ၁ ရက် အနည်းဆုံး လုပ်ခလစာကို ဘတ် ၄၀၀ သို့ တိုးမြှင့်ပေးခဲ့မည်ဆိုပါက နိုင်ငံစီးပွားရေးအပေါ် ဖိအားဖြစ်လာစေမည်ဖြစ်ကြောင်း၊ စီးပွားရေးကျဆင်းလာမှုနှင့် ဝယ်ယူမှုစွမ်းအားကျဆင်းလာမှုတို့ကြောင့် စက်ရုံအများအပြား ပိတ်သိမ်းလျက်ရှိသည်ကို မျက်မြင် ဖြစ်ပါကြောင်း၊ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ပိတ်သိမ်းမည့်စက်ရုံများလည်း ရှိနေသေးပါကြောင်း ထိုင်းစက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr. Tawee Piyatana က ပြောကြားခဲ့သည်။

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ ပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်လုပ်ခလစာကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လစာနှုန်းထားကို သတ်မှတ်ခြင်းဖြစ်ရာ လစာတိုးမြှင့်ခြင်း၏နောက်ကွယ်တွင် အစိုးရ၏ရည်ရွယ်ချက်ကောင်းကို နားလည် သော်လည်း လုပ်ခလစာတိုးမြှင့်မှုကြောင့် မြင့်တက်လာမည့် လုပ်ငန်းလည်ပတ်စရိတ်ကြောင့် အချို့သော ထုတ်လုပ်သူများ အနေဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Poj Arawattananont က ဖြည့် စွက် ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ပြောင်းနှင့်ဟင်းသီးဟင်းရွက်ဆီ တင်သွင်းမှုများအပေါ် အကောက်ခွန်သက်သာခွင့်ပေးမည့် အိန္ဒိယ

ပြည်တွင်း စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရန် အိန္ဒိယက ပြောင်း၊ နေကြာဆီကြမ်း၊ ပန်းဂျုံစေ့ဆီနှင့် နို့မှုန့်တို့ကို အကောက်ခွန်နှုန်းကိုတာ (TRQ) စနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ရာ တင်သွင်းသူများအနေဖြင့် အခွန်နည်းပါးခြင်း သို့မဟုတ် အခွန်လုံးဝမပေးရခြင်းစသည့်အကျိုးရလဒ်များ ခံစားရမည်ဖြစ်သည်။ အစိုးရက နေကြာဆီ တန်ချိန် ၁၅၀,၀၀၀၊

ပြောင်း တန်ချိန် ၅၀၀,၀၀၀၊ နို့မှုန့်တန်ချိန် ၁၀,၀၀၀ နှင့် သန့်စင်ပြီးပန်းဂျုံဆီ တန်ချိန် ၁၅၀,၀၀၀ တို့ကို တင်သွင်းခွင့်ပြုခဲ့သည်။

အိန္ဒိယသည် စားအုန်းဆီ၊ ပဲပုပ်စေ့ဆီနှင့်နေကြာဆီကဲ့သို့သော ဟင်းသီးဟင်းရွက်ဆီများကို ကမ္ဘာ့အများဆုံး တင်သွင်းသူဖြစ်ပြီး နို့ကိုမူထိပ်တန်းထုတ်လုပ်သူဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံများထိခိုက်ကာ ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ စားနပ်ရိက္ခာလိုအပ်မှုသည် နှစ်စဉ် ၈ ရာခိုင်နှုန်း တိုးတက်လာသောကြောင့် အစိုးရ၏ ကုန်ဈေးနှုန်း လျှော့ချရန်နည်းလမ်းများလည်း မအောင်မြင်ခဲ့ပါ။

အစိုးရပိုင်လုပ်ငန်းများဖြစ်သော အမျိုးသားနို့ထွက်ပစ္စည်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NDDB)၊ အမျိုးသား နို့ထွက်ပစ္စည်းသမဝါယမအသင်းချုပ် (NCDF) နှင့် အမျိုးသားသမဝါယမလယ်ယာဈေးကွက် ရှာဖွေရေးအသင်းချုပ် (NAFED) တို့က တင်သွင်းခွင့်ရကြသည်။

ဘုံဘေအခြေစိုက် နိုင်ငံတကာကုမ္ပဏီမှ လုပ်ငန်းရှင်တစ်ဦးက နေကြာဆီနှင့်ပန်းဂျုံစေ့ဆီတို့ကို အကောက်ခွန် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် မလိုအပ်ကြောင်း၊ ဆီများကိုဈေးသက်သာစွာ တင်သွင်းမှုကြောင့် ပြည်တွင်းဆီထွက်သီးနှံ ဈေးနှုန်းအပေါ် ဖိအားများရှိပြီး ယခုတွင်လည်း အကောက်ခွန်မဲ့တင်သွင်းခွင့်ကြောင့် ထပ်တိုးဖိအားများရှိကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် ပြည်တွင်းဟင်းသီးဟင်းရွက်ဆီ လိုအပ်ချက်၏ ၃ ပုံ ၂ ပုံခန့်ကို ပြည်ပမှတင်သွင်းပြီး အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ စားအုန်းဆီ၊ ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့မှ နေကြာဆီနှင့် ပဲပိစပ်ဆီများ တင်သွင်းလျက်ရှိသည်။

အိန္ဒိယ၏ လက်ရှိနို့နှင့်နို့ထွက်ပစ္စည်းဈေးနှုန်းသည် ရောင်းလိုအားကန့်သတ်ချက်နှင့် ဝယ်လိုအားမြင့်မားမှုကြောင့် ဈေးတက်နေကြောင်း၊ ပြည်တွင်းပြောင်းဈေးနှုန်းမှာလည်း မွေးမြူရေးလုပ်ငန်းများနှင့် အီသနောထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ဈေးတက်နေကြောင်း သိရသည်။

အိန္ဒိယသည် ဗီဇပြောင်း စားသောက်ကုန်သီးနှံများစိုက်ပျိုးမှုကို ခွင့်မပြုသောကြောင့် သွင်းကုန်များတွင်လည်း အဆိုပါမျိုးစေ့များမပါရှိရေး စည်းမျဉ်းများချမှတ်ထားသည်။

**Source:The Economic Times**

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/

## ၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယသမ္မတနိုင်ငံ၌ ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူနှင့် ဆန်ကွဲများ ပြည်ပသို့ တင်ပို့မှု တားမြစ်ပိတ်ပင်လိုက်ပြီး၊ ပေါင်းဆန်များအပေါ်တွင်လည်း အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံလိုက်ပြီးနောက် လက်ရှိ ဘဏ္ဍာနှစ် ဧပြီလမှဇွန်လအတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုပမာဏ တန်ချိန် ၃၀၀,၀၀၀ ခန့်၊ ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်း၊ ဆန်ကွဲတန် ၃၀၀,၀၀၀၊ ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပေါင်းဆန်တန် ၁၅၀,၀၀၀၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပြည်တွင်း၌ ကြက်နှင့်တိရစ္ဆာန်အစာများအတွက် လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုအား ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရန်နှင့် အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှုကို ထိခိုက်ခဲ့ပြီး အကျိုးဆက်အနေဖြင့် ဆန်အထွက်နှုန်း ကျဆင်းခဲ့ခြင်းကြောင့် တောင်သူများအား သင့်လျော်သည့်ဈေးနှုန်းဖြင့် ခွင့်ပြုနေပြီး၊ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်မှုမှ ကာကွယ်နိုင်ရန်အလို့ငှာ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် တားမြစ်မှုအား ယခင်နှစ် ဇူလိုင်လကကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံခဲ့ပြီး ဘာစမာတီဆန်အတွက် ပုံသေကြမ်းခင်းဈေးနှုန်းအား ယခင်နှစ်ကသတ်မှတ်ခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ် လွဲမှားစွာတင်ပို့မှုများမှ ကာကွယ်ရန်အတွက် ယမန်နှစ် ဩဂုတ်လက ဘာစမာတီဆန် တင်ပို့မှုအတွက် အနိမ့်ဆုံးဈေးနှုန်းကို တစ်တန်လျှင် ၁၂၀၀

ဒေါ်လာသတ်မှတ်ခဲ့ပြီး အောက်တိုဘာလတွင် တစ်တန်ကို ဒေါ်လာ ၉၅၀ အထိ ကျဆင်းသွားခဲ့သည်။ ဧပြီလမှဇွန်လအထိ တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ချိန် ၁ ဒသမ ၁ သန်းအထိရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြား ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂၁ ဒသမ ၈ သန်းတင်ပို့ခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတန်ချိန် ၂ ဒသမ ၃၆ သန်း၊ ဆန်ကွဲတန် ၅၄၅,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၇ ဒသမ ၅၇ သန်း၊ စုစုပေါင်းဆန်တန်ချိန် ၁၅ ဒသမ ၇ သန်းကို တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဆန်ထုတ်လုပ်သည့် နိုင်ငံဖြစ်ကာ ဆန်တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှု မပြုလုပ်မီအချိန်အထိ ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့်ပါဝင်လျက် ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်ပို့သည့် နိုင်ငံဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တင်ဒါခေါ်ယူမှုတွင် ဆန်တင်ပို့သူများအား ပါဝင်ဆောင်ရွက်ခွင့်မပြုခြင်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအနေဖြင့် လူအများ၏တုံ့ပြန်မှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါ တားဆီး ပိတ်ပင်မှုများအား အဆုံးသတ်သင့်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား အသိပေးဆောင်ရွက်သင့်သည်ဟု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် ကျင်းပ ပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် အမေရိကန်နိုင်ငံမှပြောကြား ခဲ့သည်။

အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရန် လိုအပ်ချက်ရှိနေသည့် နိုင်ငံအချို့သို့ တားမြစ်ထားသော ဆန်များ၏ ပမာဏ အချို့ကို အစိုးရအချင်းချင်း သဘောတူညီမှုဖြင့်တင်ပို့ရန် ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်အောက်မှ စားနပ်ရိက္ခာဝယ်ယူမှုများအတွက် ပို့ကုန်တင်ပို့မှုကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုပေးရန် ဂျီနီဗာမြို့၌ ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ပို့ကုန်တင်ပို့မှုကန့်သတ်ချက်များ ချမှတ်ခြင်းနှင့် စပ်လျဉ်းပြီး လုပ်သာကိုင်သာရှိလိုသည့်အတွက် ကနဦးတွင် (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို လိုက်နာလိုခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ လိုက်နာဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းစားနပ်ရိက္ခာပြတ်လပ်မှု မဖြစ်စေရေးအတွက် ကြိုးစားခဲ့ခြင်းသာမဟုတ်ဘဲ ကမ္ဘာ့ဈေးကွက်တွင် ဆန်ပြတ်လပ်မှု ဖြစ်မည်ကိုလည်း ပူပန်ခဲ့ခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် စားနပ်ရိက္ခာတင်သွင်းမှုများအပေါ် မှီခိုရမှုကိုဖြစ်စေခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးမူဝါဒနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကျွမ်းကျင်ပညာရှင်က ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပရေးရာဝန်ကြီးဌာန၊ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ချိရေးဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြောရေးဆိုခွင့်ရှိသူများထံသို့ မေးခွန်းများပေးပို့ခဲ့သော်လည်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်ချိန်တွင် ၎င်းတို့မှ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။ ကုန်သွယ်ရေးလုပ်ငန်း ဆောင်ရွက်သူ များနှင့်ဆန်တင်ပို့ရောင်းချသူများအသင်းအပါအဝင် အသင်းအဖွဲ့များအနေဖြင့် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့်ဆန်ကွဲ တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုများအား ဖယ်ရှားပေးရန်နှင့် ပုံသေနှုန်းထားတစ်ခုဖြင့် အခွန်ကောက်ခံပြီး သဘော်တင်ပို့မှု များအား ခွင့်ပြုပေးသွားရန် အိန္ဒိယနိုင်ငံအစိုးရအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ယခုနှစ်တွင် မိုးအလုံအလောက်ရွာသွန်းမည်ဟု ခန့်မှန်းထားပြီး အစိုးရ၏ လက်ကျန်ဆန်များလည်း ပိုလျှံလျက်ရှိခြင်း တို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ၎င်းတို့၏တင်ပြချက်အား လိုက်လျောပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လက်ကျန် ဆန်လုံလောက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့်စပ်လျဉ်းပြီး မကြာမီကာလ အတွင်း အပြောင်းအလဲများဖြစ်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။ ဆန်သည် သုံးလသက်တမ်းရှိသော သီးနှံတစ်မျိုးဖြစ်ပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဈေးကွက်သို့ဝင်ရောက်လာမည်ဖြစ်ရာ မကြာမီဈေးနှုန်းတည်ငြိမ်လာနိုင်ကြောင်း၊ အစိုးရ အနေဖြင့် ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသော်လည်း ဆန်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်းတွင် များစွာပါဝင်မှုမရှိပါကြောင်း၊ အများပြည်သူသို့ ဖြန့်ဝေမှုစနစ်အောက်တွင် ပြည်သူများ အထူးသဖြင့် အလယ်အလတ်နှင့်

အထက်တန်းအဆင့်မှ ပြည်သူလူထုများ စားသုံးလျက်ရှိသည့် ဆန်အမည်ဖြစ်သည့်အတွက် အဆိုပါဆန်ကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါကြောင်း ဆန်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်း၏ ဂိုဒေါင်များ၌ ဆန်များဖြင့်ပြည့်လျက်ရှိပြီး နို၀င်ဘာလတွင် ဆန်အသစ်များ ၀င်ရောက်လာမည်ဖြစ်ကြောင်း၊ သီးနှံအသစ်များထားသိုရန်အတွက် ဂိုဒေါင်များတွင် နေရာလွတ်မရှိပါက တောင်သူလယ်သမားများအား အနည်းဆုံးပံ့ပိုးမှုဈေးဖြင့် ပံ့ပိုးပေးနိုင်မည်မဟုတ်ကြောင်း၊ အစိုးရမှ တားမြစ်ကန့်သတ်ချက်များအား ဖယ်ရှားပေးပြီး အခွန်နှုန်းထားတစ်ခုဖြင့် ဆန်တင်ပို့မှုအား ခွင့်ပြုပေးလိုက်ပါက ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးများအား ၀ယ်ယူကြိတ်ခွဲပြီး တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များသည် အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်းသို့ ၀င်ရောက်လျက်ရှိသော အခြားဆန်အမည်များကိုပင်၀ယ်ယူပြီး အာဖရိကကဲ့သို့သောနိုင်ငံများသို့ တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ အများပြည်သူဖြန့်ဝေမှုစနစ်အောက်တွင်ရောင်းချသည့် အိန္ဒိယမှဆန်မျိုးများအား ဆန်တစ်ကီလိုလျှင် ရူပီး ၃၀ ထက် ပိုမပေးနိုင်သည့် အာဖရိကတိုက်ရှိနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## STOCK EXCHANGE (8.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,065 (Shares) | 32,243,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,800 | 2,235 | 19,706,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,300 | 3,400 | 3,300 | 599 | 1,987,700 | 38,929,150 | 132,359 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 256 | 2,099,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 939 | 1,605,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 152 | 410,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 145 | 266,350 | 19,977,223 | 36,958 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 8 | 37,600 | 10,497,598 | 49,339 |
| MAEX | 00008 | 3,550 | -50 | -1.39% | 3,600 | 3,600 | 3,500 | 1,731 | 6,130,050 | 23,804,946 | 84,508 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.73 | -1.02 | -0.25% | 405.64 | 408.73 | 403.95 | 6,065 | 32,243,000 | 8 | 770,946 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 8th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 6,065 (Shares) | 32,243,000 (MMK) |

## Main Board

As of 1:00 pm, 8th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,065 (Shares) | 32,243,000 (MMK) |

| MYANPIX | 408.73 ▼ 1.02 |
|---|---|
| Total Volume (shares) | 6,065 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 770,946 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,550 | ▼ 50 |

TIR